## သင့်ကလေးငယ်၏ နားအကြားအာရုံ သမိုင်းမှတ်တိုင်များ

နားအကြားအာရုံ စစ်ဆေးမှုသည် သင့်ကလေးငယ်၏ အကြားအာရုံ တုံ့ပြန်မှုများကို စစ်ဆေးချိန်၌သာလျှင် တိုင်းတာပါသည်။ တစ်ခါတစ်ရံ၌ ကလေးငယ်များတွင် နောက်ပိုင်းအသက်အရွယ်၌ ယာယီ သို့မဟုတ် ရာသက်ပန်အမြဲတမ်းအားဖြင့် အကြားအာရုံ ဆုံးရှုံးမှု ဖြစ်လာနိုင်သည်။ သင့် ကလေးငယ်၏ နားအကြားအာရုံကို သူတို့ကြီးပြင်းနေစဉ် စောင့်ကြပ်ကြည့်ရှုနေရန် အရေးကြီးပါသည်။ ဤသမိုင်းမှတ်တိုင်များကို လမ်းညွှန်အဖြစ် အသုံးပြုပြီး အကယ်၍ သင် မသေချာလျှင် ဆေးဘက်ဆိုင်ရာ အကြံဉာဏ် ရယူပါ။

### မွေးရာမှ သုံး လ အထိ

- ရုတ်တရက် ဆူညံသံကြားသည့်အခါ လန့်သွားသည် သို့မဟုတ် ထခုန်သည်။
- တစ်စုံတစ်ယောက် အသံကျယ်စွာ စကားပြောသည့်အခါ သို့မဟုတ် ဆူညံသံ လုပ်သည့်အခါ နိုးကြားလာသည်၊ အိပ်နေရာမှ နိုးလာသည် သို့မဟုတ် ငိုယိုသည်။
- သင့် အသံကို မှတ်မိပြီး သင် စကားပြောသည့်အခါ ဆိတ်ငြိမ်နေသည်။

### သုံးလ မှ ခြောက်လ

- စိတ်ဝင်စားစရာကောင်းသော အသံများဖက်သို့ မျက်လုံးများ လှည့်ကြည့်သည်။
- ပြောဆိုသံများနှင့် အခြား အသံများကို နားထောင်နေပုံရသည်။
- အသံကြောင့် အလွယ်တကူ အိပ်နေရာမှ နိုးလာသည်။

### ခြောက်လ မှ တစ်ဆယ့်နှစ်လ

- ငြင်သာသော အသံများဖက်သို့ ဦးခေါင်းကို လှည့်သည်။
- "no" နှင့် "bye-bye" စကားများကို နားလည်သည်။
- ပြောဆိုသံများကို အတုယူ၍ ပြောစပြုသည်။

အကယ်၍ စစ်ဆေးမှုကို သင် ပျက်ကွက်လျှင် ကျေးဇူးပြု၍ သင် မွေးဖွားသည့်ဆေးရုံကို ဆက်သွယ်ပါ။

စစ်ဆေးရေး အစီအစဉ်နှင့်ပတ်သက်သည့် ပိုမိုသိရှိလိုသော အချက်အလက်များအတွက် ဆက်သွယ်ရန်- (08) 6456 0037

အနောက် ဩစတြေးလျပြည်နယ် မွေးကင်းစကလေး နားအကြားအာရုံ စစ်ဆေးမှု အစီအစဉ် (WA Newborn Hearing Screening Program)
အီးမေးလ်- hearingscreening@health.wa.gov.au

စစ်ဆေးမှုကို ကျန်းမာရေးဌာန၊ အနောက်ဩစတြေးလျ ပြည်နယ်မှ ရန်ပုံငွေထုတ်ပေးထားသည်။



Government of **Western Australia**
**Child and Adolescent Health Service**

Perth Children's Hospital
15 Hospital Avenue, Nedlands WA 6009
Telephone: (08) 6456 2222

ဤစာရွက်စာတမ်းကို မသန်မစွမ်းဖြစ်မှုရှိသူအတွက် တောင်းဆိုလျှင် အခြားနည်းပုံစံဖြင့် ရရှိနိုင်ပါသည်။

**ထုတ်လုပ်သူ -**
WA Newborn Hearing Screening Program
**ဝက်ဘ်ဆိုက်** www.cahs.health.wa.gov.au

© December 2013 CAHS 0808 Rev 1
June 2018 တွင်ပြန်လည်ပြင်ဆင်ရေးသားသည်

**တာဝန်မယူခြင်းဆိုချက်** - ဤထုတ်ဝေစာစောင်သည် အထွေထွေ ပညာရေးနှင့် သတင်းအချက်အလက်ပေးကမ်းရန် ရည်ရွယ်ချက်များအတွက် ဖြစ်သည်။ လိုအပ်သည့် ဆေးဘက်ဆိုင်ရာ အကြံဉာဏ်တစ်ခုခုအတွက် တတ်ကျွမ်းသည့် ကျန်းမာရေးစောင့်ရှောက်သူ အတတ်ပညာရှင်ကို ဆက်သွယ်ပါ။
© State of Western Australia, Child and Adolescent Health Service



Perth Children's Hospital

# သင်၏ မွေးကင်းစကလေး၏ နားအကြားအာရုံ စစ်ဆေးမှု

အနောက် ဩစတြေးလျပြည်နယ် မွေးကင်းစကလေး နားအကြားအာရုံ စစ်ဆေးမှု အစီအစဉ်
(WA Newborn Hearing Screening Program)



သင့်ကလေးငယ်သည် 'I love you' ဟု သင် ပြောသည်ကို ကြားနိုင်ပါသလား။

**မွေးဖွားပြီး လ၊ ဘ၀၏ လအနည်းငယ်အတွင်း သင့်ကလေးငယ်သည် နားကြားနိုင်- မကြားနိုင်ကို သူတို့၏ အမူအရာအားကြည့်ရှုခြင်းအားဖြင့် သိရှိရန် အလွန်ခက်ခဲပါသည်။ သင့်ကလေးငယ်သည် သူတို့၏ နှုတ်အသံထွက်နှင့် ဘာသာစကားတို့ကို တတ်လာရန်အတွက် တိုးလွန်းသည့်အသံ အားလုံးကိုကြားရန် လိုအပ်ပါသည်။ WA ၌ မွေးဖွားသည့် ကလေးငယ် အားလုံး အခမဲ့ နားအကြားအာရုံ စစ်ဆေးမှုကို ရရှိနိုင်ပါသည်။**

## ကျွန်ုပ် ကလေးငယ်၏ နားအကြားအာရုံကို အဘယ်ကြောင့် စစ်ဆေးပါသနည်း။

- ခန့်မှန်းခြေအားဖြင့် ကလေးငယ် 1,000 တိုင်းတွင် 1-2 ယောက်သည် နားနှစ်ဘက်လုံး၌ အကြားအာရုံ ဆုံးရှုံး၍ မွေးဖွားလာကြသည်။ ကလေးငယ် အများစုတွင် သိရှိပြီးဖြစ်သည့် မိသားစုရာဇဝင် သို့မဟုတ် အန္တရာယ်အလားအလာ အချက်အလက်များ မရှိကြပါ။

မွေးကင်းစ ကလေးငယ် နားအကြားအာရုံစစ်ဆေးမှုသည် ဤအခြေအနေကို ဖော်ထုတ်ပေးပြီး လျင်မြန်စွာ စီမံကုသပေးစေပါသည်။

- စောစီးစွာ ကုသမှုပေးခြင်းသည် သင့်ကလေးငယ်၏ အသံ၊ ဘာသာစကားနှင့် သင်ယူရေးဆိုင်ရာ ဖွံ့ဖြိုးမှုတို့ကို အထောက်အကူပြုပါသည်။

- စောစီးစွာ ဝင်ရောက်စွက်ဖက်စီမံဆောင်ရွက်ပေးမှုသည် မိဘများအား အထောက်အပံ့နှင့် သတင်းအချက်အလက်များကို အမြန်ဆုံး ပေးအပ်ပါသည်။

## စစ်ဆေးမှုကို မည်ကဲ့သို့ လုပ်ပါသနည်း။

သင့်ကလေးငယ်၏ နားအကြားအာရုံကို ဦးနှောက် အသံဆိုင်ရာ အလိုအလျောက် တုံ့ပြန်မှု (Automated Auditory Brainstem Response (AABR)) အားဖြင့် စစ်ဆေးပါသည်။ သင့်ကလေးငယ်၏ ဦးခေါင်း၊ လည်ပင်းနောက်ဘက်နှင့် ပခုံးအနားတို့တွင် သေးငယ်ပေါ့ပါးသည့် ကပ်၍ရသော အခံပြားများကိုသုံးကာ တိုင်းတာကိရိယာ သုံးခုတပ်ဆင်ပေးပါသည်။

သင့်ကလေးငယ်၏ နားတစ်ဖက်စီ၌ နားကြပ်ငယ် 'ခွက်' တစ်ခုကို ငြင်သာစွာ တပ်ဆင်ပေးပါသည်။ ကလစ်မြည်သံများကို ဖွင့်ပေးပြီး စစ်ဆေးသည့်စက်ကိရိယာသည် သင့်ကလေးငယ်၏ နားများမှ တုံ့ပြန်မှုများကို တိုင်းတာပါသည်။

စစ်ဆေးမှုသည် သင့်ကလေးငယ်အား မည်သည့်နည်းနှင့်မျှ မနာကျင်စေပါ။

## စစ်ဆေးမှုကို မည်သည့်အချိန်၌ လုပ်ပါသနည်း။

- စစ်ဆေးမှုကို သင့်ကလေးငယ် မွေးဖွားပြီး မည်သည့်အချိန်၌မဆို လုပ်နိုင်ပါသည်၊ သာမန်အားဖြင့် သင် ဆေးရုံးမှမဆင်းမီ လုပ်ပါသည်။

- သင့်အား သင့်ကလေးငယ်အတွက် စစ်ဆေးမှု သင် လုပ်လိုသည် မလုပ်လိုသည်ကို (သာမန်အားဖြင့် မီးမဖွားမီ) မေးပါလိမ့်မည်။

## အကယ်၍ ကျွန်ုပ် ကလေးငယ်သည် ဆေးရုံ၌ စစ်ဆေးမှု လုပ်ရန်ပျက်ကွက်လျှင် ဘာဖြစ်မည်နည်း။

အကယ်၍ သင့်ကလေးငယ် စစ်ဆေးမှု မလုပ်မီ သင့်အား ဆေးရုံမှ ဆင်းပေးလိုက်လျှင် ကျေးဇူးပြု၍ မွေးဖွားပေးသည့်ဆေးရုံအား အပြင်လူနာ စစ်ဆေးမှု ရက်ချိန်းယူရန် ဆက်သွယ်ပါ။ အကယ်၍ သင့်ကလေးငယ်အား ဆေးရုံတွင်း ပြောင်းရွှေ့ပေးလျှင် လူနာဆောင်အသစ်ရှိ သူနာပြုနှင့်ဆွေးနွေးပါ။ သင့်ကလေးငယ်သည် စစ်ဆေးမှုကို ခံယူရန် အမှန်တကယ် အရေးကြီးပါသည်။

## အဖြေများ

အဖြေများကို စစ်ဆေးပြီးပြီးချင်း သင်နှင့်ဆွေးနွေးမည်ဖြစ်ပြီး သင့်ကလေးငယ်၏ ဆေးမှတ်တမ်းတွင် မှတ်တမ်းတင်ထားပါမည်။

- အောင်မြင်သော အဖြေ
  – စစ်ဆေးသည့်အချိန်၌ သင့်ကလေးငယ်သည်သူ/သူမအား ပုံမှန် အသံနှင့် ဘာသာစကား ကျွမ်းကျင်မှုများ ဖွံ့ဖြိုးလာနိုင်စေမည့် အဆင့်ကို နားကြားသည်ဟု ရည်ညွှန်းပါသည်။

- လွှဲပို့ပေးရမည့် အဖြေ
  အချို့ ကလေးငယ်များတွင် မှုမမှန်သော အဖြေ ရနိုင်သည်၊ နားအကြားအာရုံ ဆုံးရှုံးမှုကြောင့် မဟုတ်ဘဲ တစ်စုံတစ်ခုကြောင့်ဖြစ်သည်၊ ၎င်းတို့မှာ-
  – မွေးဖွားစဉ် နားပြွန်တွင်းသို့ ဝင်နေသည့် အရည် သို့မဟုတ် အခြားအရာ.
  – နားအလယ်ပိုင်းအင်္ဂါတွင်းရှိ ယာယီ နားအရည်
  – သင့်ကလေးငယ်သည် အလွန် ဂနာမငြိမ်ဖြစ်မှု

## နောက်ထပ်လုပ်ရမည့် စစ်ဆေးမှု

အကယ်၍ သင့်ကလေးငယ်သည် ပထမအကြိမ် စစ်ဆေးမှုကို မအောင်မြင်ပါက နောက်ထပ်လုပ်ရမည့် စစ်ဆေးမှုကို စီစဉ်ပါလိမ့်မည်။ ၎င်းကို ဆေးရုံမှ မဆင်းမီ လုပ်နိုင်ပါသည်။ အကယ်၍ ဖြစ်နိုင်လျှင် သင့်အား အပြင်လူနာဌာန၌ ရက်ချိန်းတစ်ခုကို ပေးပါမည်။ တက်ရောက်ရန် အမှန်တကယ် အရေးကြီးပါသည်။

နောက်ထပ် စစ်ဆေးမှုလုပ်ပြီး သင့်ကလေးငယ်၏ နားအကြားအာရုံနှင့်ပတ်သက်၍ စိုးရိမ်စရာတစ်ခုခုရှိလျှင် သင့်အား ကလေး နားအကြားစစ်ဆေး အထူးကုပညာရှင်ထံ လွှဲပို့ပေးပါလိမ့်မည်။ နားအကြားစစ်ဆေးအထူးကုပညာရှင်သည် ကလေးငယ်များနှင့် ငယ်ရွယ်သောကလေးများအား နားအကြားအာရုံစစ်ဆေးပေးရန် အထူးလေ့ကျင့်ခံရသူဖြစ်ပါသည်။

## နားအကြားအာရုံ ဆုံးရှုံးမှုအတွက် အန္တရာယ်အလားအလာ အကြောင်းရင်းများ

နားအကြားအာရုံ ဆုံးရှုံးမှု၏ အနည်းအကျဉ်း ရှားရှားပါးပါး အကြောင်းခံများကို ပုံမှန် နားအကြားအာရုံ စစ်ဆေးမှုက သတိမပြုမိပါ။ အချို့အခြေအနေများ၌ ကလေးငယ်၏ နားအကြားအာရုံသည် မွေးဖွားစဉ် ပုံမှန်ဖြစ်နိုင်သော်လည်း အချိန်ကာလတစ်လျောက် တစ်ဖြည်းဖြည်း ဆိုးရွားလာနိုင်သည်။

အောက်ဖော်ပြပါ အန္တရာယ်အလားအလာ အကြောင်းခံတစ်ခုခုရှိသည့် ကလေးများသည် နားအကြားစစ်ဆေးထူးကုပညာရှင်ဖြင့် စစ်ဆေးသင့်ပါသည်။

- မွေးရာမှ သို့မဟုတ် စောစောပိုင်း ကလေးဘဝအရွယ်မှ စတင်၍ဖြစ်ပေါ်သည့် အမြဲတမ်း နားအကြားအာရုံ ဆုံးရှုံးမှုနှင့်ပတ်သက်၍ ခိုင်မာသော မိသားစု သမိုင်းကြောင်း

- Toxoplasmosis ၊ ဂျိုက်သိုး ၊ Cytomegalovirus ၊ ရေယုန် သို့မဟုတ် ဆစ်ဖလစ်ကာလသားရောဂါ (Syphilis) ရောဂါများကဲ့သို့သော သန္ဓေပါ ကူးစက်မှုများကို ကူးစက်ခံရမှု

- နားအကြားအာရုံ ဆုံးရှုံးမှုနှင့်ဆက်နွယ်သည့် ဒေါင်းဆင်ဒရုံးကဲ့သို့ ဆင်ဒရုံးရောဂါ။

အကယ်၍ သင့် ကလေးငယ်တွင် အထက်ဖော်ပြပါ အန္တရာယ်အလားအလာ အကြောင်းခံများအနက် တစ်ခုရှိပါက ကျေးဇူးပြု၍ နားအကြားအာရုံ စစ်ဆေးပေးမည့်သူအား အသိပေးပါ။